**နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်များ နှင့် လေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေငြာခြင်း**

ဖတ်(စ်)မြန်မာအင်ဖက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ (“ကုမ္ပဏီ”) နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ (“ကုမ္ပဏီအုပ်စု”) ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာဘဏ္ဍာရေးနှစ် (“၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်”) အတွက် ကုမ္ပဏီ၏ စာရင်းစစ်သုံးသပ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲ ထုတ်ပြန် ကြေညာအပ်ပါသည်။

နှိုင်းယှဉ်လေ့လာမှုပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် ၂၀၂၂ခုနှစ်၊ ဧပြီလ၊ ၁ရက်နေ့ မှ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့ အထိ (“၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်”) ကာလကို ဖော်ပြထားသော စာရင်းစစ်သုံးသပ်ပြီး နှစ်ဝက်ဘဏ္ဍာရေးအစီရင်ခံစာ နှင့် နှိုင်းယှဉ်သုံးသပ် တင်ပြထားပါသည်။ ဆွေးနွေးချက် နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## KEY HIGHLIGHTS

### Summary of Group Statement of Comprehensive Income

| (MMK'000) | **HY Sep-2023** | HY Sep-2022 | % Change |
|---|---|---|---|
| Revenue | **229,370,541** | 159,399,557 | 43.9% |
| Cost of revenue | **(138,464,821)** | (105,467,518) | (31.3%) |
| Gross profit | **90,905,720** | 53,932,039 | 68.6% |
| *Gross Profit margin* | ***39.6%*** | *33.8%* | |
| Administrative expenses | **(53,093,783)** | (53,662,457) | 1.1% |
| Finance expenses | **(1,674,022)** | (1,512,079) | (10.7%) |
| Other (losses)/ gains, net | **(27,439,163)** | 3,321,418 | (926.1%) |
| Share of profit/ (loss) of associates and joint venture, net of tax | **7,642,293** | (834,961) | 1015.3% |
| Profit before income tax | **16,341,045** | 1,243,960 | 1213.6% |
| Income tax expense | **(2,664,456)** | (635,819) | (319.1%) |
| **Profit for the period** | **13,676,589** | 608,141 | 2148.9% |
| Fair value (losses)/ gains of available-for-sale investments | **(32,175)** | 1,271,899 | (102.5%) |
| Share of other comprehensive income of associates | **2,623,122** | 2,044,883 | 28.3% |
| **Total other comprehensive income for the period, net of tax** | **2,590,947** | 3,316,782 | (21.9%) |
| **Total comprehensive income for the period** | **16,267,536** | 3,924,923 | 314.5% |
| | | | |
| **Profit/(Loss) attributable to:**[1] | | | |
| Owners of the Company | **9,186,136** | (1,306,444) | |
| Non-controlling interests | **4,490,453** | 1,914,585 | |
| | **13,676,589** | 608,141 | |
| | | | |
| **Earnings/ (Loss) per share** | | | |
| Basic (MMK) | **277** | (39) | 810.3% |
| Diluted (MMK) | **222** | (39)[2] | 669.2% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

[2] The diluted loss per share computations have not taken into consideration the effects of quasi-equity loan as at September 30,2022, as they were anti-dilutive pursuant to para 41 of MAS 33 Earnings per share.

၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် အတွက် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေမှာ ကျပ် ၂၂၉.၄ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်၏ စုစုပေါင်းဝင်ငွေ ကျပ် ၁၅၉.၄ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၄၃.၉% တိုးတက်ခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးတက်ရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ ("ရိုးမဘဏ်") နှင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ ("ပန်းလှိုင် ဆေးရုံအုပ်စု") တို့မှ ဝင်ငွေများ တိုးမြင့်ရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| (MMK'000) | **HY Sep-2023** | HY Sep-2022 | % Change |
|---|---|---|---|
| Financial services | **190,683,145** | 130,406,523 | 46.2% |
| Healthcare services | **38,042,341** | 28,957,034 | 31.4% |
| Rental income | **36,000** | 36,000 | 0 % |
| Dividend income | **609,055** | - | 0 % |
| **Total** | **229,370,541** | 159,399,557 | **43.9%** |

ရိုးမဘဏ်မှ ရရှိသောဝင်ငွေသည် ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၁၃၀.၄ ဘီလီယံ ရရှိခဲ့ရာ မှ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၉၀.၇ ဘီလီယံ အထိရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၆.၂% တိုးတက်ခဲ့ပြီး ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်မှုကို အများဆုံးထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထိုသို့ဝင်ငွေတိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ဘဏ်ချေးငွေအမျိုးမျိုး နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုမှ ရရှိသောဝင်ငွေများ တိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ပန်းလှိုင်ဆေးရုံအုပ်စုမှ ဝင်ငွေရရှိမှုမှာလည်း ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၂၉ ဘီလီယံ ရရှိခဲ့ရာ မှ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၃၈ ဘီလီယံအထိ ရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၁.၄% တိုးတက်ခဲ့ပါသည်။ အဆိုပါ ဝင်ငွေတိုးမြင့်လာရခြင်းမှာ အဓိကအားဖြင့် ဆေးရုံများ၏ ပင်မဝန်ဆောင်မှုဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများဖြစ်သော ကျန်းမာရေးစစ်ဆေးမှု၊ အရေးပေါ်ကုသမှု၊ အတွင်းလူနာ နှင့် ပြင်ပလူနာ စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများမှ ဝင်ငွေပို၍ရရှိလာခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် အကြမ်းအမြတ်သည် ကျပ် ၉၀.၉ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် ၏ အကြမ်းအမြတ် ကျပ် ၅၃.၉ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၆၈.၆% တိုးမြင့်ခဲ့ပါသည်။ ထိုသို့ အကြမ်းအမြတ်တိုးမြင့်ခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အပ်ငွေအပေါ်ပေးရသော ကုန်ကျစရိတ်ထက် အတိုးမှရရှိသော ဝင်ငွေ နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ မှရရှိသော ဝင်ငွေများ တိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်သည် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅၃.၁ ဘီလီယံ ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁.၁% ကျဆင်းခဲ့ပါသည်။ အဆိုပါစီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်များတွင် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် လက်အောက်ခံကုမ္ပဏီများ၏ ဝန်ထမ်းစရိတ် နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်များ တိုးမြင့်လာခြင်း၊ တန်ဖိုးလျှော့စရိတ်များတွင် ဝယ်ယူထားသော ရိုးမဘဏ်ရုံးချုပ်အဆောက်အဦ၏ စရိတ်များပါဝင်လာခြင်းနှင့် ကျန်မာရေးဝန်ဆောင်မှုဆိုင်ရာပိုင်းတွင်လည်း အခြေခံအဆောက်အအုံ ထောက်ပံ့ပစ္စည်းများ အဆင့်မြှင့်တင်မှုဆောင်ရွက်ခြင်းများကြောင့် ကုန်ကျစရိတ်များတိုးမြင့်လာသော်လည်း ရိုးမဘဏ်၏ ထုတ်ချေးငွေများ ပြန်လည်ကောက်ခံရရှိမှုတိုးမြင့်လာခြင်းနှင့် ဘဏ်ချေးငွေဝန်ဆောင်မှုသုံးစွဲသူများ၏ ချေးငွေပြန်လည် ပေးဆပ်နိုင်စွမ်းတိုးမြင့်လာခြင်းတို့ကြောင့် ချေးငွေဆုံးရှုံးနိုင်မှုအား ယခင်နှစ်လျာထားချက်ထက် လျှော့ချနိုင်ခဲ့ပြီး စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များကို သက်သာစေခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များသည် ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၁.၅ ဘီလီယံ မှ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁.၇ ဘီလီယံအထိ တိုးမြင့်လာခဲ့ပါသည်။ ထိုသို့တိုးမြင့်လာခြင်း၏ အဓိကကြောင်းအရင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းတန်ဖိုးမြင့်တက်လာမှုကြောင့် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များထံမှ အမေရိကန်ဒေါ်လာဖြင့် ရယူထားသော ချေးငွေအတွက် နိုင်ငံခြားငွေ ပြန်လည်တန်ဖိုးသင့်မှုနှင့် ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍမှ အရစ်ကျစနစ်ဖြင့် ထပ်တိုးဝယ်ယူထားသော စက်ပစ္စည်းကိရိယာများအပေါ် ကျသင့်သောအတိုးများကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသောဆုံးရှုံးမှုများကို တင်ပြရလျှင် ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိခဲ့သော အခြားဝင်ငွေ ကျပ် ၃.၃ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားဆုံးရှုံးမှု ကျပ် ၂၇.၄ ဘီလီယံ ဖြစ်ခဲ့ပါသည်။ ထိုသို့ဆုံးရှုံးရခြင်း၏

အဓိကအကြောင်းအရင်းမှာ ရှိးမဘဏ်တွင် နိုင်ငံခြားငွေအား ဘဏ်စည်းမျဉ်းများနှင့် အညီစာရင်းသွင်းရာတွင် ဖြစ်ပေါ်လာသော unrealized exchange losses များကို စာရင်းသင့်ကျခံရခြင်း နှင့် ကုမ္ပဏီမှ အမေရိကန်ဒေါ်လာဖြင့်ရယူထားသော ချေးငွေများကို ပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်မှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ထိုဆုံးရှုံးမှုများ၏ တစ်စိတ်တစ်ပိုင်းကို ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံထားသော မရွှေ့ပြောင်းနိုင်သောပစ္စည်း များအား တန်ဖိုးပြန်လည်သင့်ရာ မှ ရရှိခဲ့သော စာရင်းသင့် အမြတ်ငွေဖြင့် ခုနှိမ်နိုင်ခဲ့ပါသည်။

အသေးစိတ် အချက်အလက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (MMK'000) | **HY Sep-2023** | HY Sep-2022 |
|---|---|---|
| (Loss)/ Gain on foreign currency exchange, net | **(28,955,666)** | 3,589,761 |
| Gain on fair value of investment properties | **1,406,450** | 268,450 |
| (Loss)/ Gain on disposal of property, plant and equipment | **(4,343)** | 32,107 |
| Write-off of payable | **4,462** | - |
| Adjustment for under-recognition of account receivable | **66,296** | - |
| Write-back/ (write-off) of vaccine and medical supplies | **149,705** | (450,021) |
| Write-off of property and equipment | **(106,067)** | (112,381) |
| Capital gains tax | **-** | (6,498) |
| **Total other (losses)/ gains, net** | **(27,439,163)** | 3,321,418 |

၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများထံမှ ရရှိသော အရှုံးအမြတ် အသေးစိတ်ကို အောက်ပါအတိုင်း ခွဲခြမ်းစိပ်ဖြာ၍ တင်ပြထားပါသည်။

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **HY Sep-2023** | HY Sep-2022 |
| FMI Garden Development Limited | 47.5% | **5,363,145** | - |
| Thanlyin Estate Development Limited | 30.0% | **4,264,317** | (782,829) |
| FMI Decaux Company Limited | 40.0% | **21,002** | 103,511 |
| CLW Development Limited | 25.0% | **-** | (773,509) |
| Kawthaung Hill Investment Limited | 37.5% | **(75)** | (333) |
| LSC-FMI Company Limited | 50.0% | **(332)** | (42) |
| Pun Hlaing Links Services Company Limited | 30.0% | **(27,027)** | (27,578) |
| Meeyahta International Hotel Limited | 20.0% | **(673,809)** | 645,819 |
| Memories (2022) Pte. Limited | 16.66% | **(1,304,928)** | - |
| **Total Share of Profit/(Loss)** | | **7,642,293** | (834,961) |

ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများ မှ ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံးငွေ ကျပ် ၀.၈ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်ငွေ ကျပ် ၇.၆ ဘီလီယံအထိ တိုးတက်ရရှိခဲ့ပါသည်။ ထိုသို့ အမြတ်ငွေ တိုးတက်ရခြင်း၏ အဓိကအကြောင်းအရင်း မှာ FMI Garden Development Limited ၏ အိမ်ရာစီမံကိန်းဖြစ်သော Padauk Garden လုံးချင်းနှင့် ဆိုင်ခန်းတွဲအိမ်ရာများ ရောင်းချခြင်း မှရရှိသော အမြတ်ငွေ ကျပ် ၅.၄ ဘီလီယံ နှင့် Thanlyin Estate Development Limited ၏ အိမ်ရာစီမံကိန်းများဖြစ်သော StarCity တွင်တည်ရှိသည့် City Villa နှင့် City Loft တို့မှ အိမ်ရာများရောင်းချခြင်းမှ ရရှိသောအမြတ်ငွေ ကျပ် ၄.၃ ဘီလီယံ အသီးသီးတို့အားခွဲဝေရရှိခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။ သို့ရာတွင် Memories (2022) Pte. Limited ၏ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ် နှင့် ဘဏ္ဍာရေးဆိုင်ရာ ကုန်ကျစရိတ်များ တိုးမြင့်လာမှုကြောင့် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံးငွေ ကျပ် ၁.၃ ဘီလီယံ ဖြစ်ပေါ် ခဲ့ပြီး Meeyahta International Hotel Limited ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်စာရင်းညှိနှိုင်းချက်ကြောင့် အရှုံးကျပ် ၀.၇ ဘီလီယံ ရှိခဲ့ပါသည်။

အထက်ပါအကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ခြောက်လတာဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ်ငွေကျပ် ၁၃.၇ ဘီလီယံ ရရှိခဲ့သောကြောင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက် နေ့တွင် ကုန်ဆုံးသည့် ခြောက်လတာဘဏ္ဍာရေးနှစ်၏ အသားတင်အမြတ်ငွေကျပ် ၀.၆ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် အမြတ်ငွေ တိုးတက်ရရှိခဲ့ပါသည်။

ကုမ္ပဏီအုပ်စုသည်ရန်ကုန်စတော့အိတ်ချိန်း (“YSX”) တွင် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Thilawa SEZ Holdings Public Co., Ltd (“MTSH”) တွင် ရင်းနှီးမြှုပ်နှံထားသည့် ၎င်း၏ ကာလတို ရင်းနှီးမြှုပ်နှံမှု (Available-for-sale investment) များအား တန်ဖိုးများ ပြန်လည်သင့်ရာတွင် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၀.၀၃ ဘီလီယံ ဆုံးရှုံးခဲ့ပါသည်။

၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စုသည် တွဲဖက်ကုမ္ပဏီများထံမှ အချိုးကျခံရသည့် အမြတ်ငွေကျပ် ၂.၀ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်ငွေ ကျပ် ၂.၆ ဘီလီယံ အထိတိုးတက် ရရှိခဲ့ပါသည်။ ထိုသို့ တိုးတက်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီတစ်ခုဖြစ်သော Meeyahta International Hotel Limited ရှိ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ ဖြစ်ပေါ်လာသော စာရင်းညှိနှိုင်းဆောင်ရွက်ချက်များကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်အလက်များအပေါ်အခြေခံ၍ ကုမ္ပဏီအုပ်စုသည် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် အသားတင်အမြတ်ငွေ ကျပ် ၉.၂ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၂ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အသားတင်အရှုံးငွေ ကျပ် ၁.၃ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် အမြတ်ငွေ တိုးတက်ခဲ့ပါသည်။

အထက်ပါအကြောင်းအရာများကြောင့် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် တစ်စုအပေါ်ရရှိသည့် အခြေခံဝင်ငွေ ("Basic EPS") မှာ ကျပ် ၂၇၇ ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၁၀.၃% သို့ တိုးမြင့်ခဲ့ပါသည်။ ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ ("Diluted EPS") မှာ ကျပ် ၂၂၂ ဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၆၆၉.၂% ထိတိုးမြင့်ခဲ့ပါသည်။ Diluted EPS အား နောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ထုတ်ဝေပြီး အနေအထားနှင့် ပျှမ်းမျှအခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်းကို ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ်အခြေအနေနှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK’000) | **As at 30-Sep-2023** | As at 31-Mar-2023 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **3,989,239,918** | 3,419,798,328 | 16.7% |
| Total non-current assets | **911,278,123** | 766,462,538 | 18.9% |
| Total assets | **4,900,518,041** | 4,186,260,866 | 17.1% |
| | | | |
| **LIABILITIES** | | | |
| Total current liabilities | **4,363,805,840** | 3,666,799,256 | (19.0%) |
| Total non-current liabilities | **8,637,293** | 7,522,848 | (14.8%) |
| Total liabilities | **4,372,443,133** | 3,674,322,104 | (19.0%) |
| **NET ASSETS** | **528,074,908** | 511,938,762 | 3.2% |
| | | | |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **425,510,725** | 413,733,642 | |
| Non-controlling interests | **102,564,183** | 98,205,120 | |
| **TOTAL EQUITY** | **528,074,908** | 511,938,762 | 3.2% |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၃,၄၁၉.၈ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၃,၉၈၉.၂ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းရင်းမှာ ကုမ္ပဏီ၏ ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍတွင် (သာမန်ချေးငွေ၊ အရစ်ကျ ဝယ်ယူခြင်း၊ အိမ်ရာချေးငွေ) စသည့်  ရိုးမဘဏ်၏ ထုတ်ချေးငွေ အမျိုးမျိုးနှင့် အစိုးရငွေတိုက်စာချုပ်များ (Government T-bonds and T-bills) အပေါ်တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများ  ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၃ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၇၆၆.၅ ဘီလီယံ မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၉၁၁.၃ ဘီလီယံအထိ မြင့်တက်လာခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်အနေဖြင့် အစိုးရငွေတိုက်စာချုပ်များ (Government Bonds) တို့တွင် ထပ်မံရင်းနှီးမြှုပ်နှံခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၃ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၃,၆၆၆.၈ ဘီလီယံ မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၄,၃၆၃.၈ ဘီဘီယံအထိ မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ Super Fixed deposits နှင့် Flexi products တွင် customer များမှ ထပ်တိုးအပ်နှံငွေ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ၂၀၂၃ခုနှစ်၊ မတ်လ၊ ၃၁ရက်နေ့တွင် ကျပ် ၇.၅ ဘီလီယံ မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၈.၆ ဘီလီယံအထိ မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအထိ ကုမ္ပဏီမှ ၎င်း၏ချေးငွေများ ပြန်လည်ဖွဲ့စည်းခြင်း နှင့် ပန်းလှိုင်ဆေးရုံအုပ်စု ၏အစုရှယ်ယာရှင်များထံမှ အစုရှယ်ယာ ချေးငွေများကို လက်ငင်းမဟုတ်သောပေးရန်တာဝန်မှ လက်ငင်းပေးရန်တာဝန်သို့ စာရင်းရွှေ့ပြောင်းခဲ့သောကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ၂၀၂၃ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၅၁၁.၉ ဘီလီယံမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၅၂၈.၁ ဘီလီယံအထိ ၃.၂% တိုးမြင့်လာခဲ့သည်။ ထိုသို့တိုးမြင့်လာရသည့် အဓိကအကြောင်းအရင်းမှာ ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီများနှင့် ရိုးမဘဏ်၏ ကောင်းမွန်သော ဘဏ္ဍာရေးရလဒ်များကြောင့် ကုမ္ပဏီ၏အမြတ်ငွေများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်သည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၅၁၉.၉ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်းအနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**Summary of Group Cash Flow Statement**

| (MMK'000) | **HY Sep-2023** | HY Sep-2022 | % Change |
|---|---|---|---|
| Net cash provided by operating activities | **121,294,948** | 131,539,939 | (7.8%) |
| Net cash used in investing activities | **(216,925,266)** | (352,248,989) | 38.4% |
| Net cash used in financing activities | **(1,760,796)** | (1,356,509) | (29.8%) |
| Net decrease in cash and cash equivalents | **(97,391,114)** | (222,065,559) | 56.1% |
| Cash and cash equivalents at beginning of the period | **617,328,125** | 747,754,535 | (17.4%) |
| Cash and cash equivalents at the end of the period | **519,937,011** | 525,688,976 | (1.1%) |

ကုမ္ပဏီအုပ်စု၏ ငွေသားလက်ကျန်မှာ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၂၅.၇ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၁၉.၉ ဘီလီယံ သာရှိတော့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၁.၁% လျော့ကျခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်ငွေအများစုမှာ ရိုးမဘဏ်မှဖြစ်ပြီး ဘဏ်၏ ထုတ်ချေးငွေနှင့် ကြိုတင်ငွေများထက် အပ်နှံငွေများ ပိုမိုတိုးမြင့်လာခြင်းကြောင့် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကျပ် ၂၁၆.၉ ဘီလီယံ သုံးစွဲခဲ့ပြီး၊ အဓိကအားဖြင့် ရိုးမဘဏ်မှ အစိုးရငွေတိုက်စာချုပ်များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာကာလအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များမှ ရရှိခဲ့သော ကုမ္ပဏီအုပ်စု၏ အသားတင်ငွေသားမှာ ကျပ် ၁.၈ ဘီလီယံ ရှိပြီး၊ အဓိကအားဖြင့် ကုမ္ပဏီနှင့် ပန်းလှိုင်ဆေးရုံများ၏ ချေးငွေအချို့ကို ပြန်လည်ပေးဆပ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## အနာဂတ်မျှော်မှန်းချက်များ

ကုမ္ပဏီအုပ်စုသည် စီးပွားရေးလုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်သည့် အခြေအနေသို့ တဖြည်းဖြည်းချင်း ပြန်လည်ရောက်ရှိလာပြီဖြစ်သော်လည်း လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းများဆိုင်ရာ၊ ကုန်သွယ်မှုဆိုင်ရာနှင့် နိုင်ငံခြားငွေကြေးဈေးကွက်ဆိုင်ရာတို့ အပေါ် သက်ရောက်လျက်ရှိသော အခက်အခဲများကိုကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုသည် ရရှိလာသော ဈေးကွက်အခြေအနေများနှင့်တစ်ပြေးညီ ၎င်း၏စီးပွားရေးလုပ်ငန်းများဖြစ်သော ဘဏ္ဍာရေး ဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍများတွင် အားကောင်းခိုင်မာသော တိုးတက်မှုများကို ဖော်ဆောင်လျက်ရှိပါသည်။ ကုမ္ပဏီအုပ်စုသည် ထိရောက်သော လုပ်ငန်းလည်ပတ်မှု၊ လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းအသစ်များ ရှာဖွေမှုနှင့် လုပ်ငန်းဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို အဓိကဦးတည်ချက်ထား၍ ဘဏ္ဍာရေးအခြေအနေများ ပိုမိုခိုင်မာကောင်းမွန်အောင် ဆောင်ရွက် လျက်ရှိပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်၏ စွမ်းဆောင်ရည်တိုးတက်လာမှုကို ၎င်း၏ ဘဏ္ဍာရေး ရှင်းတမ်း (balance sheet) အခြေအနေ ပိုမိုကောင်းမွန်လာခြင်းနှင့် ဝန်ဆောင်မှုသုံးစွဲသူဦးရေ ပိုမိုများပြားလာခြင်းတို့ဖြင့် ဆက်လက်သက်သေပြနေပြီး ၎င်း၏ ငွေသားအနေအထား (“cash position”) အရံဘဏ္ဍာငွေ တိုးမြင့်ထားရှိခြင်းကိုလည်း ဆက်လက်ထိန်းသိမ်းထားပါသည်။ ရိုးမဘဏ်နှင့် ၎င်း၏ မဟာဗျူဟာမြောက် မိတ်ဖက်စီးပွားရေးလုပ်ငန်းများသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (“SME”) နှင့် ဘဏ်၏ အထွေထွေ စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုများဆိုင်ရာ အသိပညာပေးမှုများကို မြှင့်တင်ရန် တက်ကြွစွာ ဆက်လက်လုပ်ဆောင်နေပြီး ၂၀၂၄ ခုနှစ်၊ မတ်လတွင် မိတ်ဆက်ရန် စီစဉ်ထားသည့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းအသစ်များအတွက်လည်း အတည်ပြုချက်ရယူရန် လုပ်ဆောင်ထားပါသည်။ ရိုးမဘဏ်၏ ဝန်ထမ်းလစာဝန်ဆောင်မှုစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော သဘော်သားများအတွက် ချေးငွေဝန်ဆောင်မှုနှင့် လစာချေးငွေ ဝန်ဆောင်မှုများသည်လည်း သုံးစွဲသူဦးရေ အရှိန်အဟုန်ဖြင့် တိုးမြင့်လာပြီး လက်ရှိတွင် ယင်းဝန်ဆောင်မှုများကို စုစုပေါင်း ကုမ္ပဏီ ၄၀၀ မှ သုံးစွဲနေပြီ ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ပန်းလှိုင်ဆေးရုံအုပ်စု (“PHH”) သည် ၎င်း၏ပင်မကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း တိုးတက်မှုကို မြှင့်တင်ရန်နှင့် ဆေးရုံ၏ branding ကို ပြည်သူအများ ပိုမိုသိရှိလာရန် ဖျာပုံမြို့တွင် HEAL ဆေးခန်းအသစ် ဖွင့်လှစ်ခြင်းနှင့် နှလုံးဆိုင်ရာ ဆေးစစ်ခြင်းဝန်ဆောင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် အစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။ ဆေးရုံမှ ကျန်းမာရေးဝန်ဆောင်မှု online application ဖြစ်သော (“HEAL App”) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၆ ရက်နေ့တွင် အများပြည်သူတို့ စတင်သုံးစွဲနိုင်ရန် အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပြီး ယင်း App ကို Android နှင့် IOS နှစ်မျိုးလုံးတွင် သုံးစွဲနိုင်ပါသည်။ ဤ HEAL App သည် ပန်းလှိုင်ဆေးရုံရှိ လူနာများအတွက် ပထမဆုံးသော online မှတဆင့် ဆေးဖက်ဆိုင်ရာ မှတ်တမ်းတင်မှုကို အသုံးပြုနိုင်ရန် ဖန်တီးပေးထားပြီး ၎င်း App သည် ဆရာဝန်နှင့် တွေ့ဆုံရန် အချိန်ညှိပေးမှု၊ online မှတစ်ဆင့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ အကြံညဏ်ပေးမှုများအပြင် ဆေးဘက်ဆိုင်ရာ အသိပညာမျှဝေပေးမှု များကိုလည်း ဆောင်ရွက်ပေးပါသည်။ လက်ရှိ HEAL App ပေါ်တွင် နောက်ထပ်ဆင့်ကဲ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် တိုးချဲ့လုပ်ဆောင် သွားမည်ဖြစ်ပြီး ပြီးပြည့်စုံသည့် App တစ်ခုဖြစ်ရန် ရည်ရွယ်ထားပါသည်။

ကုမ္ပဏီအုပ်စု၏ အိမ်ရာစီမံကိန်းလုပ်ငန်းသည်လည်း ပြီးခဲ့သော ၆လတာကာလတွင် သိသာသော တိုးတက်ကောင်းမွန်လာမှုများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ Star City တွင် Estella ဟု အမည်ပေးထားသည့် လုံးချင်းတန်းအိမ်ရာအသစ်ကို ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ဝယ်ယူသူများထံသို့ အပ်နှံနိုင်ရန်စီစဉ်ထားကာ ဤအိမ်ရာစီမံကိန်းအသစ်ဖော်ဆောင်မှုသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကင်းရှင်းစေသော ခေတ်သစ်နေထိုင်မှုပုံစံတစ်မျိုးကို ဖော်ဆောင်ရန်ဖြစ်ပါသည်။ ဤ Estella အိမ်ရာစီမံကိန်းတွင် နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဖြန့်ဝေသော လျှပ်စစ်ဓာတ်အား နှင့် အရံဓာတ်အားပေး ထောက်ပံ့မှုအဖြစ် ဒီဇယ်မီးစက်ထုတ်လျှပ်စစ်ဓာတ်အားအပြင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးနည်းလမ်းများနှင့် စွမ်းအင်သိုလှောင်မှုဆိုင်ရာစနစ်များကိုလည်း ဖြည့်သွင်းထားပါသည်။ ဤစွမ်းအင်သိုလှောင်မှုစနစ် များသည် အိမ်ပိုင်ရှင်များအတွက် ၎င်းတို့၏ အိမ်သုံးလျှပ်စစ်ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်သည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ အိမ်သုံးလျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မည် ဖြစ်ပါသည်။ ဤအိမ်ရာစီမံကိန်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလကုန်တွင် စတင်ရောင်းချခဲ့ပြီး ထိုစတင်ရောင်းချသည့်နေ့မှ ၂လအတွင်း အိမ်အရေအတွက်စုစုပေါင်း ၆၀၀ ကျော် ရောင်းချနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ရန်ကုန်မြို့အနောက်ဘက်ရှိ လှိုင်သာယာမြို့နယ် လှိုင်မြစ်ကမ်းဘေး ဆိပ်ကမ်းသာလမ်းတွင် တည်ရှိသော ကုမ္ပဏီ၏ စီမံကိန်းတစ်ခုဖြစ်သည့် City Loft West တွင်လည်း Tower ၂ခုမှ စုစုပေါင်းအခန်းအရေအတွက် (၄၉၄) ခန်း ၏ ၉၀% ကို ကာလတိုအတွင်းလျင်မြန်စွာ ရောင်းချနိုင်ခဲ့ပါသည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေး အဖွဲ့သည် လူနေအိမ်ရာအသစ်များကို ဝယ်ယူသူများထံသို့အပ်နှံနိုင်မည့် အချိန်ကာလပေါ်မူတည်၍ အိမ်ရာများဆက်လက်ဖော်ဆောင်မည့်

အစီအစဉ်များကို ဆောင်ရွက်နေပါသည်။ ၂၀၂၂ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့သော Padauk Garden အိမ်ရာစီမံကိန်း ဆောက်လုပ်ရေး ကိုလည်း ကောင်းမွန်စွာ စီမံနိုင်ခဲ့ပြီး ယင်းစီမံကိန်းကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ပြီးမြောက်ရန် ရည်မှန်းထားပါသည်။

ကုမ္ပဏီအုပ်စု၏ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် ပါဝင်သော Memories Group သည် ၎င်း၏ ပြည်တွင်း အပန်းဖြေဝန်ဆောင်မှု ဈေးကွက်ကို တိုးချဲ့ရန် လုပ်ဆောင်လျက်ရှိပါသည်။ Memories Group သည် နာမည်ကြီးလူသိများသော အဆောက်အအုံများ ("Boutique Hotel") ရန်ကုန်မြို့ရှိ  Governor Residence နှင့် British Club တို့ကို စီမံခန့်ခွဲရန် စာချုပ်ချုပ်ဆိုထားပါသည်။ Memories Group သည် နိုင်ငံတကာခရီးသွားဧည့်သည်များလာရောက်မှု သိသိသာသာ ကျဆင်းခြင်း နှင့် ပြည်တွင်းခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းနှေးကွေးခြင်းတို့ကြောင့် စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ သို့သော်လည်း ကုမ္ပဏီအုပ်စုသည် Memories Group၏ မဟာဗျူဟာမြောက် ဦးတည်ချက်ကို ဆက်လက်၍ အားပေးထောက်ခံသွားနေမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၈) ရက်

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

## INTERIM RESULTS - MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's auditor's report on review of condensed interim financial statements for the six months ended 30th September 2023 ("HY Sep-2023").

For a more meaningful comparison and better understanding of the financial result of the Group, the Company's management uses its auditor's report on review of condensed interim financial report covering the period from 1st April 2022 to 30th September 2022 ("HY Sep-2022") was presented. The discussion and analysis are provided as below:

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **HY Sep-2023** | HY Sep-2022 | % Change |
|---|---|---|---|
| Revenue | **229,370,541** | 159,399,557 | 43.9% |
| Cost of revenue | **(138,464,821)** | (105,467,518) | (31.3%) |
| Gross profit | **90,905,720** | 53,932,039 | 68.6% |
| *Gross Profit margin* | ***39.6%*** | *33.8%* | |
| Administrative expenses | **(53,093,783)** | (53,662,457) | 1.1% |
| Finance expenses | **(1,674,022)** | (1,512,079) | (10.7%) |
| Other (losses)/ gains, net | **(27,439,163)** | 3,321,418 | (926.1%) |
| Share of profit/ (loss) of associates and joint venture, net of tax | **7,642,293** | (834,961) | 1015.3% |
| Profit before income tax | **16,341,045** | 1,243,960 | 1213.6% |
| Income tax expense | **(2,664,456)** | (635,819) | (319.1%) |
| **Profit for the period** | **13,676,589** | 608,141 | 2148.9% |
| Fair value (losses)/ gains of available-for-sale investments | **(32,175)** | 1,271,899 | (102.5%) |
| Share of other comprehensive income of associates | **2,623,122** | 2,044,883 | 28.3% |
| **Total other comprehensive income for the period, net of tax** | **2,590,947** | 3,316,782 | (21.9%) |
| **Total comprehensive income for the period** | **16,267,536** | 3,924,923 | 314.5% |
| | | | |
| **Profit/(Loss) attributable to:**[1] | | | |
| Owners of the Company | **9,186,136** | (1,306,444) | |
| Non-controlling interests | **4,490,453** | 1,914,585 | |
| | **13,676,589** | 608,141 | |
| **Earnings/ (Loss) per share** | | | |
| Basic (MMK) | **277** | (39) | 810.3% |
| Diluted (MMK) | **222** | (39)[2] | 669.2% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

[2] The diluted loss per share computations have not taken into consideration the effects of quasi-equity loan as at September 30,2022, as they were anti-dilutive pursuant to para 41 of MAS 33 Earnings per share.

The Group's total revenue for the six months period ended HY Sep-2023 had enhanced to MMK 229.4 billion, which is 43.9% higher than MMK 159.4 billion recorded in the comparative period HY Sep-2022. This revenue growth was chiefly driven by the Group's financial services segment ("Yoma Bank") and healthcare segment ("Pun Hlaing Hospitals").Below is the breakdown of revenue by business segment:-

| (MMK'000) | **HY Sep-2023** | HY Sep-2022 | % Change |
|---|---|---|---|
| Financial services | **190,683,145** | 130,406,523 | 46.2% |
| Healthcare services | **38,042,341** | 28,957,034 | 31.4% |
| Rental income | **36,000** | 36,000 | 0 % |
| Dividend income | **609,055** | - | 0% |
| **Total** | **229,370,541** | 159,399,557 | **43.9%** |

Revenue generated from Yoma Bank increased by 46.2% from MMK 130.4 billion in HY Sep-2022 to MMK 190.7 billion in HY Sep-2023 which was predominantly occupied the largest portion of revenue improvement resulting from the earnings of the Bank's loan portfolio and non-funded income. Similarly, revenue from Pun Hlaing Hospitals increased by 31.4% from MMK 29.0 billion in HY Sep-2022 to MMK 38.0 billion in HY Sep-2023 which was driven by clinical and ancillary services, such as medical check-up, emergency, inpatient and outpatient care.

The Group's gross profit contribution was notably raised by 68.6% to MMK 90.9 billion in HY Sep-2023, as compared to MMK 53.9 billion in HY Sep-2022. This increase was mostly due to higher gross profit margin contributed by Yoma Bank achieving from its interest income and non-funded income improvement exceeded its cost of fund increase in HY Sep-23.

The Group's administrative expenses were slightly decreased by 1.1% to MMK 53.1 billion in HY Sep-2023. This decrease was mainly conditioned by the reversal of specific loan loss provisions resulting from the recovery of non-performing loans ("NPL") and improved credit ratings of loan customers which outweighed the increase in personnel expenses and operation cost across all segments due to rise of overall commodity prices, higher depreciation charges on the Bank's head office acquisition, and the additional facilities upgrade in healthcare segment.

The Group's finance expenses on borrowing increased from MMK 1.5 billion in HY Sep-2022 to MMK 1.7 billion in HY Sep-2023. This was mainly caused by the increase in exchange rate applied on USD denominated shareholder loans and addition of equipment under hire purchase by healthcare segment.

The Group recorded other losses of MMK 27.4 billion in HY Sep-2023 as compared to other gains of MMK 3.3 billion in HY Sep-2022. This was primarily due to unrealised currency translation losses in Yoma Bank and the realized exchange losses on the discharge of USD loan by the Company which was partly offset by fair value gains from the Company's investment properties.

Below is the detailed breakdown:

| (MMK'000) | **HY Sep-2023** | HY Sep-2022 |
|---|---|---|
| (Loss)/ Gain on foreign currency exchange, net | **(28,955,666)** | 3,589,761 |
| Gain on fair value of investment properties | **1,406,450** | 268,450 |
| (Loss)/ Gain on disposal of property, plant and equipment | **(4,343)** | 32,107 |
| Write-off of payable | **4,462** | - |
| Adjustment for under-recognition of account receivable | **66,296** | - |
| Write-back/ (write-off) of vaccine and medical supplies | **149,705** | (450,021) |
| Write-off of property and equipment | **(106,067)** | (112,381) |
| Capital gains tax | **-** | (6,498) |
| **Total other (losses)/ gains, net** | **(27,439,163)** | 3,321,418 |

The Group recorded a share of profit of associates and joint venture in HY Sep-2023. A detailed breakdown is as below:

| | | Group Share of Profit/(Loss) | |
|---|---|---|---|
| (MMK'000) | **Stake** | **HY Sep-2023** | HY Sep-2022 |
| FMI Garden Development Limited | 47.5% | **5,363,145** | - |
| Thanlyin Estate Development Limited | 30.0% | **4,264,317** | (782,829) |
| FMI Decaux Company Limited | 40.0% | **21,002** | 103,511 |
| CLW Development Limited | 25.0% | **-** | (773,509) |
| Kawthaung Hill Investment Limited | 37.5% | **(75)** | (333) |
| LSC-FMI Company Limited | 50.0% | **(332)** | (42) |
| Pun Hlaing Links Services Company Limited | 30.0% | **(27,027)** | (27,578) |
| Meeyahta International Hotel Limited | 20.0% | **(673,809)** | 645,819 |
| Memories (2022) Pte. Limited | 16.66% | **(1,304,928)** | - |
| **Total Share of Profit/(Loss)** | | **7,642,293** | (834,961) |

The Group's share of profit was increased from loss of MMK 0.8 billion in HY Sep-2022 to share of profit of MMK 7.6 billion in HY Sep-2023. This increase was principally driven by share of profit of MMK 5.4 billion from FMI Garden Development Limited resulted from the profit recognition on sales of Padauk Garden residential villas and shophouses and MMK 4.3 billion from Thanlyin Estate Development Limited derived from the sales of City Villa and City Loft units in StarCity. The share of loss of MMK 1.3 billion from Memories (2022) Pte. Limited was recorded in HY Sep-2023 due to its higher operational and finance expenses while the losses from Meeyahta International Hotel Limited MMK 0.7 billion was caused by accounting adjustment on investment reconciliation.

As a consequence of the above, the Group outperformed a net profit after tax of MMK 13.7 billion for six-month ended 30 September 2023 as compared to MMK 0.6 billion for the six-month ended 30 September 2022.

In HY Sep-2023, the Group recognised fair value loss of MMK 0.03 billion from available-for-sale investments in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") which is listed on Yangon Stock Exchange ("YSX").

The Group's share of other comprehensive income from its associates was increased from MMK 2.0 billion in HY Sep-2022 to MMK 2.6 billion in HY Sep-2023 which was mostly due to the foreign currency translation adjustment of the Group's dormant entity, Meeyahta International Hotel Limited.

As the above-aforementioned reasons, the Group recorded a net profit attributable to equity holders of the Company of MMK 9.2 billion in HY Sep-2023 as compared to a net loss of MMK 1.3 billion in HY Sep-2022.

For these reasons, the Group obtained the basic earnings per share ("EPS") of MMK 277 and the diluted EPS of MMK 222 in HY Sep-2023, which is increased by 810.3% and 669.2% respectively. For the purpose of calculating diluted earnings per share, the weighted average number of shares issued has been adjusted assuming that any dilutive convertible securities were duly exercised as of 30 September 2023.

A summary statement of the financial position of the Group, together with a comparative statement as of the end of the immediately preceding financial year, 31 March 2023 is shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2023** | As at 31-Mar-2023 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **3,989,239,918** | 3,419,798,328 | 16.7% |
| Total non-current assets | **911,278,123** | 766,462,538 | 18.9% |
| Total assets | **4,900,518,041** | 4,186,260,866 | 17.1% |
| **LIABILITIES** | | | |
| Total current liabilities | **4,363,805,840** | 3,666,799,256 | (19.0%) |
| Total non-current liabilities | **8,637,293** | 7,522,848 | (14.8%) |
| Total liabilities | **4,372,443,133** | 3,674,322,104 | (19.0%) |
| **NET ASSETS** | **528,074,908** | 511,938,762 | 3.2% |
| | | | |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **425,510,725** | 413,733,642 | |
| Non-controlling interests | **102,564,183** | 98,205,120 | |
| **TOTAL EQUITY** | **528,074,908** | 511,938,762 | 3.2% |

Total current assets increased from MMK 3,419.8 billion as at 31 March 2023 to MMK 3,989.2 billion as at 30 September 2023. This increase was principally due to the increase in the Bank's loan portfolio (demand loans and HP & Mortgage loans) and treasury portfolio (government bonds and bills).

Total non-current assets increased from MMK 766.5 billion as at 31 March 2023 to MMK 911.3 billion as at 30 September 2023. This increase was primarily due to the additional investment in the Bank's treasury portfolio, government bonds.

Total current liabilities increased to MMK 4,363.8 billion as at 30 September 2023 as compared with MMK 3,666.8 billion as at 31 March 2023 which was mainly due to the higher deposit contribution from customers particularly in the Bank's Super Fixed deposits and Flexi products.

Total non-current liabilities increased to MMK 8.6 billion as at 30 September 2023 as compare with MMK 7.5 billion as at 31 March 2023 which was due to the loan portfolio restructuring by the Company whereas borrowing from shareholder by Pun Hlaing Hospitals was reclassed from non-current to current liabilities as of September 2023.

The Group's equity grew at a rate of 3.2%, from MMK 511.9 billion as at 31 March 2023 to MMK 528.1 billion as at 30 September 2023. This increase was mainly due to the improvement in retained earnings mostly attributed by the performance of associates and Yoma Bank.

As of 30 September 2023, the Group's cash and cash equivalents amounted to approximately MMK 519.9 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **HY Sep-2023** | HY Sep-2022 | % Change |
|---|---|---|---|
| Net cash provided by operating activities | **121,294,948** | 131,539,939 | (7.8%) |
| Net cash used in investing activities | **(216,925,266)** | (352,248,989) | 38.4% |
| Net cash used in financing activities | **(1,760,796)** | (1,356,509) | (29.8%) |
| Net decrease in cash and cash equivalents | **(97,391,114)** | (222,065,559) | 56.1% |
| Cash and cash equivalents at beginning of the period | **617,328,125** | 747,754,535 | (17.4%) |
| Cash and cash equivalents at the end of the period | **519,937,011** | 525,688,976 | (1.1%) |

The Group's cash and cash equivalents decreased by 1.1% to MMK 519.9 billion as at 30 September 2023 as compared to MMK 525.7 billion as at 30 September 2022. Yoma Bank represents the majority proportion of the Group's cash flow position achieving from the growth in deposit portfolio over the loan & advance balances which leads to the positive cash flow from operating activities. Net cash used in investing activities for MMK 216.9 billion was mostly comprised of investment in government securities by Yoma Bank. The Group's net cash used by financing activities for the period ended 30 September 2023 amounted to MMK 1.8 billion due to the settlement of interest of the Company and Pun Hlaing Hospitals.

**Outlook**

The Group business activities are gradually resuming back to normal operation span however there are challenges remain in business operating environment and regulatory controls on trade and foreign exchange market. The Group businesses are robust delivering growth in Financial Service, Health Care and Real Estate segments benefitted from the opportunities in the business environment. The Group remains committed to keep its main focuses on operational efficiency, seizing new business opportunities and business sustainability while strengthening its balance sheet and enhance financial flexibility.

The Group's financial service business, Yoma Bank ("YB") continues to prove performance improvement in terms balance sheet growth and expending customer base while keeping up increase cash positions and maintain adequate liquidity. YB's strategic alliances with businesses continue proactively to enhance awareness on SME and general business banking services as well as new products have been sought approval which are scheduled to introduce by Mar 2024. The offering of payroll services grows in momentum with a total of 400 business clients onboarded to date while attracting new customers and enhancing customers' satisfaction through seafarers' loans and salary loans as part of YB's payroll services.

The Group's healthcare business, Pun Hlaing Hospitals ("PHHs") enhancing its organic growth and promoting its branding directed by the opening of new HEAL clinic at Phyapon and promotional campaign for cardiac checkups. The HEAL App was successfully launched to public on 6 August 2023, which is available in both Android and IOS. The HEAL App provides first ever online access of medical records for patients of PHHs facilitating doctor appointment, tele medicine and medical advice, as well as medical knowledge sharing platform. As a Heal App, PHHs has a comprehensive plan for development of Heal App as an App going for next level of development.

The Group's real estate segment performed remarkably well over last six month. The opening of the new terrace housing named "Estella Townhouses" at StarCity planned to deliver in early 2025 showcased the new era of Eco-friendly lifestyle. Estella Townhouses will feature solar power and

energy storage solutions in addition to primary grid power and back-up diesel generator power supply. This feature will allow the homeowners to power their homes with environmentally friendly renewable energy and the assurance of without having a black out. Since launched in end of Oct'23, over 600 units have been sold within 2 months from the launch date. The Group's development project in the west of Yangon, "City Loft West" ("CLW"), which is located next to the Hlaing River in Seikkanthar Road, Hlaing Thayar also accelerated in sales with 90% of total 494 units across two towers. The management is currently reviewing its home delivery schedule to plan for the launch of next phases of residential units. The construction of Padauk Garden development project which was launched last year has been progressing well with the target of completion by March 2024.

The Group investment in tourism business, Memories Group has taken steps of expanding its portfolio in domestic lifestyle recreational market. Memories Group have contracted to manage boutique hotel such as The Governor's Residence and the British Club in Yangon. However, Memories Group is still facing acute challenges due to dramatic reduction of international tourist arrivals and slow recovery of local hospitality business environment. The Group will continue to support Memories Group in pursuing its strategy.

By Order of the Board

Tun Tun
Executive Director
18th December 2023

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766